## ၁.၄။ စစ်ဆေးအကဲဖြတ်ခြင်း

ပထမတန်း ကာယပညာဘာသာရပ်တွင် သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းကိုသာ အဓိကထည့်သွင်းထားပါသည်။ သင်ကြားသင်ယူနေစဉ်တွင် ဆရာများက ကလေးများ၏ လုပ်ဆောင်ချက်များကို လေ့လာခြင်းဖြင့် စစ်ဆေးနိုင်ပြီး တစ်ဦးချင်းအား အကောင်းမြင်တုံ့ပြန်ချက်များပေးရမည်။ စစ်ဆေးခြင်းရလဒ်မှ ကလေးအများစုသည် သင်ခန်းစာဦးတည်ချက်ကို မရောက်ရှိပါက ဆရာများသည် သင်ခန်းစာဦးတည်ချက်ကို ရောက်ရှိအောင် ပြန်လည်သင်ကြားပေးရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်းတွင် မေးခွန်းများမေး၍ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် ဆရာက လေ့လာခြင်းဖြင့်စစ်ဆေးအကဲဖြတ်ခြင်းဟူ၍ စစ်ဆေးအကဲဖြတ်ခြင်းအမျိုးမျိုးကို ထည့်သွင်းထားပါသည်။ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း နောက်ဆက်တွဲ(ခ)၊ ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း နောက်ဆက်တွဲ(ဂ) တို့တွင်ဖော်ပြထားသော စစ်ဆေးအကဲဖြတ်ခြင်း ဇယားများကို မိတ္တူကူး၍ ဖြစ်စေ၊ ဆရာကိုယ်တိုင်ပြုလုပ်၍ ဖြစ်စေ ကျောင်းသားများအားပေးရမည်။ ကလေးများ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်နိုင်ရန် ဆရာက ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကို ဖတ်ပြခြင်း၊ ရှင်းပြခြင်း ပြုလုပ်ပေးရမည်။ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းတွင် ကျောင်းသားများက ဖော်ပြပါမျက်နှာရုပ်ပုံများဖြစ်သည့်( ကြိုးစားဆဲကာလ ကျေနပ်နှစ်သိမ့်မှုအဆင့် အကောင်းဆုံး) တွင် မိမိတို့၏ အမြင်ကို အမှန်(✔)ခြစ်ရမည်။ ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်နိုင်ရန် ဆရာက ကလေးများအား နှစ်ယောက်တစ်တွဲ တွဲကာ တစ်ဦး၏ လုပ်ဆောင်ချက်ကို တစ်ဦးကကြည့်ရှုလေ့လာ၍ ဖော်ပြပါမျက်နှာရုပ်ပုံများဖြစ်သည့်( ကြိုးစားဆဲကာလ ကျေနပ်နှစ်သိမ့်မှုအဆင့် အကောင်းဆုံး) တွင် မိမိတို့၏ အမြင်ကို အမှန်(✔) ခြစ်ရမည်။ စစ်ဆေးအကဲဖြတ်ရန် စံမေးခွန်းများကို သက်ဆိုင်ရာ သင်ခန်းစာအလိုက် ဆရာက ပြုစုပေးရမည်။ သင်ခန်းစာတစ်ခုအတွက် နမူနာစစ်ဆေးအကဲဖြတ်ရန် စံမေးခွန်းများကို အောက်တွင် ဖော်ပြထားပါသည်။

| သင်ခန်းစာအမည် | တို့များကစားကြမယ် |
|---|---|
| ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ် | သူငယ်ချင်းများ၏ မျက်နှာအနေအထားကိုကြည့်၍ ပျော်ရွှင်မှု ရှိ၊ မရှိကို စစ်ဆေးအကဲဖြတ်ရမည်။ |
| လုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ် | ကဗျာစာသားနှင့် လှုပ်ရှားမှုမှန်ကန်စွာ လုပ်ဆောင်နိုင်မှုကို ကြည့်ရှုလေ့လာ၍ စစ်ဆေးအကဲဖြတ်ရမည်။ |
| သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ် | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်ခြင်း ရှိ၊ မရှိကို စစ်ဆေးအကဲဖြတ်ရမည်။ |
| လူမှုရေးဆိုင်ရာနယ်ပယ် | သူငယ်ချင်းများနှင့် ညီညီညာညာ သီဆိုလှုပ်ရှားနိုင်မှု ရှိ၊ မရှိကို စစ်ဆေးအကဲဖြတ်ရမည်။ |

ဆရာကလေ့လာခြင်းဖြင့် စစ်ဆေးခြင်း နောက်ဆက်တွဲ(ဃ)အတွက် စံသတ်မှတ်ချက်များကို အမှတ်ပေးစံဇယားဖြင့် စစ်ဆေးနိုင်ရန်သက်ဆိုင်ရာအခန်းများတွင် ထည့်သွင်းထားပါသည်။ အောက်ဖော်ပြပါ စစ်ဆေးအကဲဖြတ်ခြင်းဇယားတွင် အကျိုးသက်ရောက်မှုနယ်ပယ်ကြီး (၄)ခုအား မည်သို့စစ်ဆေးရမည်ကို ဖော်ပြထားပါသည်။

**စစ်ဆေးအကဲဖြတ်ခြင်းဇယား**

| နယ်ပယ် | အကဲဖြတ်မည့် အချက်အလက်များ |
|---|---|
| ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ် | သင်ကြား သင်ယူနေစဉ်နှင့် သင်ကြားခြင်းအပြီးတွင် ကလေးများ၏ ပျော်ရွှင်မှုနှင့် သင်ခန်းစာတွင် တက်ကြွစွာ ပါဝင်မှု ရှိ၊ မရှိ ကြည့်ရှုလေ့လာပြီး အကဲဖြတ်ရမည်။ |
| လုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ် | ကလေးများက ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာ နည်းစနစ်များ၊ ကစားနည်းများနှင့်ပတ်သက်သည့် ကစားနည်းစည်းမျဉ်းများအတိုင်း မှန်ကန်စွာ လုပ်ဆောင်နိုင်မှု ရှိ၊ မရှိကို ကြည့်ရှုလေ့လာပြီး အကဲဖြတ်ရမည်။ |
| သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ် | ကလေးများ ကိုယ်ကာယလှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် ဆရာ၏ သရုပ်ပြရှင်းလင်းချက်များ၊ နည်းစနစ်များနှင့် ကစားနည်းစည်းမျဉ်းများကို နားလည်သဘောပေါက်ပြီး ပြန်လည်ရှင်းပြနိုင်ခြင်း ရှိ၊ မရှိ ကို ကြည့်ရှုလေ့လာပြီး အကဲဖြတ်ရမည်။ |
| လူမှုရေးဆိုင်ရာနယ်ပယ် | ကလေးများအချင်းချင်း တစ်ဦးနှင့်တစ်ဦး လေးစားတန်ဖိုးထားတတ်ခြင်း၊ အခြားသူများ၏ မတူကွဲပြားသည့် လုပ်ဆောင်နိုင်မှုများကို လက်ခံတတ်ခြင်း၊ လုပ်ဆောင်မှု အားနည်းသူကို အားပေးပြီး ကူညီတတ်ခြင်း၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်း စသည့်အပြုအမူများကို ကြည့်ရှုလေ့လာ အကဲဖြတ်ရမည်။ |